

ခိုင်မိမိဇင်

# ကိုကို့ပုလဲသွယ်

# ကိုကို့ပုလဲသွယ်
## “တစ်”

“ဟယ် .... ဦးနောင်ရဲ့ မြင်းကြီးက လှလိုက်တာ ..... သူ့ကို ဝယ်လိုက်တာလားဟင်”

“ဩော် ... နေခြည်လေးပါလား၊ ဟုတ်တယ်၊ ဦးနောင် ဝယ်လိုက်တာ၊ မနေ့ကမှ ခြံထဲ ရောက်တာလေ”

“ချစ်စရာကောင်းလိုက်တာ .. နေခြည်ကိုင်ကြည့်ချင်တယ်”

“ကိုင်ကြည့်လေ”

နေခြည်မည်သော လှသွေးကြွယ်ကြွယ် ချစ်စရာ့ မိန်းမပျိုကလေးသည် မြင်းကြီး၏ လည်ကုပ်မွေးတွေကို သွယ်ပျောင်းလှပသော သူ့လက်ကလေးဖြင့် ပွတ်သပ်နေ၏ ။

“ဦးနောင်”

“ဗျာ”

ဦးနောင်ပိုင်သည် ကုန်းနှီးတပ်ဆင်နေရာမှ မိန်းကလေးကို ပြန်ထူးလိုက်ပါသည်။

“သူ့နာမည်က ဘာလဲဟင် ......... နာမည်ရှိလား”

“ဖြူမတဲ့”

“ချစ်စရာကောင်းလိုက်တာ နာမည်လေးက ........ အင်း နေခြည်လည်း မြင်းတစ်ကောင် သိပ်လိုချင်တယ်။ မွေးနေ့ကျရင် ဝယ်ပေးဖို့ ဖေကြီးကို ပူဆာရမယ်”

“နေခြည့်ဖေဖေက နေခြည့်ကို သိပ်ချစ်တာပဲ မဟုတ်လား။ ဝယ်ပေးမှာပေါ့ကွာ”

“နေခြည်သိပါတယ်။ ပူဆာရင်တော့ ဝယ်ပေးမှာပါ။ ကိုကြီးမွေးနေ့တုန်းကလည်း ကိုကြီးက ဟွန်ဒါ ဝယ်ခိုင်းတာ ဝယ်ပေးတယ်လေ။ အင်း… စကားကောင်းနေလို့ မဖြစ်သေးပါဘူး၊ သွားဦးမှ …”

“နေခြည်က ဘယ်သွားမလို့လဲ”

“မေမေက ဒေါ်ဝါနုအိမ်ကို လွှတ်လိုက်လို့”

“လာလေ မြင်းစီးချင်တယ်မဟုတ်လား၊ မြင်းနဲ့သွားမယ်၊ ဦးနောင် ထိန်းပေးမယ်”

“အွန် … ကြောက်ပါတယ်”

“မကြောက်ပါနဲ့ ၊ ဖြူမက ယဉ်ပါတယ် … လာ ဦးနောင် ပခုံးကို ကိုင်ပြီးတက်”

တစ်အိမ်လုံးက ဖူးဖူးမှုတ်ထားပြီး အလိုလိုက်အကြိုက်ပေး ခြင်းခံနေရသော နေခြည်ဦး သည် တောင်တောင် မြောက်မြောက်တွေ ရှည်ရှည်ဝေးဝေး တွေးမနေဘဲ မြင်းစီးချင်သော ဆန္ဒက ပြင်းပြနေသဖြင့် နောင်ပိုင်၏ ပခုံးကို အားပြုကာ မြင်းပေါ်သို့ တက်ဖို့ ကြိုးစားလိုက်သည်။

“မကြောက်နဲ့ ရဲရဲတက်၊ ဟုတ်ပြီ ………. ဟုတ်ပြီ”

“ဟိတ် နေခြည် ၊ ဒါဘာလုပ်နေတာလဲ”

သူတို့အနီးတွင် ဟွန်ဒါမော်တော်ဆိုင်ကယ်လေး ထိုးရပ်သွားပြီး ဆိုင်ကယ်ပေါ်က အမျိုး သားလူရွယ်နှစ်ယောက် ဆင်းလာသည်။

“အား … လန့်လိုက်တာ … နေခြည် မြင်းစီးမလို့ ကိုကိုကျော်ရဲ့”

“ဒါ မိန်းကလေး အလုပ်လား၊ ဦးနောင်ကြီးကလဲဗျာ လိမ့်ကျရင် ဘယ်နှယ့်လုပ်မလဲ။ အလို လိုက်စရာမရှိ လိုက်တယ်”

အလိုမကျဟန် ရှုသိုးသိုးမျက်နှာဖြင့် ဦးနောင်ပိုင်ကို နေခြည်၏ အစ်ကို ကျော်ကျော်ဦးက ကြည့်၍ ပြောလိုက်သည်။

"မအေ မွေးတုန်းကအကောင်း ၊ ခြေကျိုးလက်ကျိုးဖြစ်မှ ပိုလှနေဦးမယ်"

ကျော်ကျော်ဦးနှင့်အတူပါလာသော လူရွယ်က နေခြည်ဦးကို ရှုတည်တည်ကြည့်ကာ ပြော လိုက်သည်။

"ဟွန်း … မဆိုင်သူ ဝင်မပါနဲ့၊ ကိုလတ်အပူ တစ်ပြားဖိုးမှ မပါဘူး"

"တို့က စေတနာနဲ့ ပြောတာ"

"အိုး … မလိုပါဘူး"

"သိပ်စွာတာပဲ၊ နှုတ်သီးကို ရိုက်ချိုးပစ်ဖို့ကောင်းတယ်"

"ဘာ … ဘာ ပြောတယ်"

"ကဲပါ ကဲပါ … ငါတစ်ယောက်လုံး ရှိပါတယ်။ ဘာမှ မဖြစ်စေရပါဘူးကွာ၊ ကဲ… ကဲ … နေခြည့်အကိုတွေက သဘောမတူတော့ ဆောရီးပဲနော်။ ကိုယ်ဘာသာကိုယ် ဝယ်တော့မှပဲ စီး တော့ …ဦးနောင် သွားလိုက်ဦးမယ်"

ဦးနောင်ပိုင်သည် မြင်းပေါ်သို့ လွှားခနဲ တက်ကာ ကျွမ်းကျင်စွာ စီးသွားပါတော့သည်။

"နေခြည် ညီမလေးက ကလေးမဟုတ်တော့ဘူး။ တစိမ်းယောကျ်ားတွေနဲ့ ဒီလို ရင်းရင်းနှီး နှီးမနေဘူးကွ"

"ဟုတ်တယ်၊ ဖိုးကျော် ပြောတာ မှန်တယ်"

"ဟွန်း ဝင်ပါပြန်ပြီလား။ တော်တော့်ကို လျှာကျောရှည်တယ်။ ဖြတ်ပစ်ဖို့ ကောင်းနေပြီ"

“နေခြည် ဒီလို မပြောရဘူးလေ”

“မပြောစေ့ချင်ရင် သူ့ကို ဝင်မပါခိုင်းနဲ့ပေါ့၊ ဟွန်း........ မုန်းလိုက်တာ အရမ်းပဲ”

“မုန်းလိုက်တာမှ အရမ်းပဲတဲ့လား နေခြည်ရယ်..”

ကိုကိုလတ်ရင်ထဲ အောင့်ခနဲနေအောင် ခံစားလိုက်ရသည်။

“ဟော့ .. ဟော့၊ ဒါက ဘယ်သွားမလို့လဲ ၊ အိမ်ပြန်တော့လေ”

“ကြီးကြီးဝါဆီ မေမေက ခိုင်းလိုက်လို့”

သူ့စကားအဆုံးတွင် နေခြည်ဦးသည် ချာခနဲ လှည့်ထွက်ပြေး ပျောက်ကွယ်သွားတော့ သည်။

“ဟူး ... မနိုင်ဘူး”

ကျော်ကျော်ဦးသည် လေပူမှုတ်၍ ခေါင်းယမ်းလိုက်သည်။

“ဖိုးကျော်၊ ဒီကောင်မလေးကို သိပ်အလိုမလိုက်နဲ့တော့၊ သူ ကလေးမဟုတ်တော့ဘူး။ ဒီ အတိုင်းလွှတ်ထားရင် အန္တရာယ်တွေ အများကြီး တွေ့လာနိုင်တယ်”

“ဟုတ်တယ် ... ဖိုးကိုလတ်၊ ဒါကို ကိုယ်သိတယ်။ ခက်နေတာက ဖေဖေနဲ့ မေမေ သူတို့က လွှတ်အလိုလိုက်ကြတာ၊ ညကျရင်တော့ ဖေဖေနဲ့မေမေကို ထပ်ပြောရဦးမယ် .... ကဲ တက် သွား ကြရအောင်”

ကိုကိုလတ်က မော်တော်ဆိုင်ကယ်၏ နောက်ခုံပေါ်တွင် ခွထိုက်လိုက်ပြီး ဆိုင်ကယ်စီးဦး ထုပ်ကို ပြန်ဆောင်းလိုက်သည်။

လမ်းခုလတ်တွင် ဒေါ်ဝါနုတို့အိမ်က ပြန်လာသော နေခြည်ဦးနှင့် လမ်းမှာ ဆုံဖြစ်အောင် ဆုံမိလိုက်ကြသေးသည်။

နေခြည်ဦးသည် ကိုကိုလတ်ထံသို့ နှုတ်ခမ်းစူက မျက်စောင်းထိုးလွှတ်လိုက်သည်။

"ဟွန်း .... သူ့ကိုယ်သူ အဖေကြီးကျနေတာပဲ၊ မီးလောင်ရာ လေပင့်တတ်တဲ့ သူမျိုး၊ မုန်းကို မုန်းပါတယ်"

သစ်ကိုင်းခြောက်ကလေးတစ်ခုကို လေတွင်လှုပ်ရမ်း၍ ကစားရင်း အိမ်ဆီသို့ နေခြည်ဦး ရောက်ခဲ့သည်။

"မေမေရေ .. မေမေ .... မေမေ"

"ဟဲ့ ... ဟဲ့ ... သမီး၊ သမီး ဘယ်လိုဖြစ်တာလဲ၊ အသက်မရှူဘူး၊ ခေါ်နေလိုက်တာ၊ လာ အိမ်ပေါ်တက်ခဲ့လေ"

"ခြေညောင်းလို့ ဒီမှာ ထိုင်ဦးမယ်၊ ကြီးဝါက ဦးဖိုးတော်ကြီးကို ညကျရင် လွှတ်လိုက်မယ် တဲ့"

"အေး ..အေး"

"မေမေ သမီးရေသောက်ချင်တယ်"

"အော် ... ဟုတ်ကဲ့ ဟုတ်ကဲ့ ... အမေ၊ ကျွန်မ ရေခပ်လာပါ့မယ်။ အဲဒီမှာ ထိုင်နေပါနော်"

"အဟင်း .... ဟင်း ... ဟင်း"

ဒေါ်မူမူထွေးသည် ရေတစ်ဖန်ခွက်ကိုယူပြီး အောက်ထပ်ဆီသို့ ရောက်ရှိလာသည်။

"ရော့ သောက်တော်မူပါ မဖုရားလေး"

"အဟင်း ... ဟင်း မေမေက ချစ်ဖို့ ကောင်းလိုက်တာ"

"ခွေးမလေး .... လူကို ညာခိုင်းတတ်တယ်"

"မေမေ"

"ဟုတ်ကဲ့ ပြောပါ"

"သမီးမွေးနေ့ ရောက်တော့မယ်နော်"

"ဟုတ်တယ်လေ၊ ဘာပူဆာဦးမလို့လဲ ... ပြော"

"အဟင်း ... သမီး မြင်းတစ်ကောင် လိုချင်လို့...."

"ဘုရား ... ဘုရား မြင်းဘာလုပ်ဖို့လဲ"

"စီးဖို့ပေါ့ ... မေမေရဲ့၊ သမီးအရမ်းလိုချင်တယ်"

"မဖြစ်ပါဘူး သမီးရယ်၊ အန္တရာယ်များလှပါတယ်"

"ဟင့် ... ဟင့် မရဘူး။ သမီးတော့ လိုချင်တယ်၊ ဖေကြီးကို ပူဆာမှာပဲ။ ဦးနောင်ပိုင်ကြီး တောင် ဝယ်လိုက်ပြီး၊ သမီးတွေ့ခဲ့တယ်၊ သူ့မြင်းမကြီးက သိပ်လှတာပဲ"

"ကိုနောင်ပိုင် မြင်းဝယ်တယ် ဟုတ်လား"

စဉ်းစဉ်းစားစား အမူအရာဖြင့် ဒေါ်မူမူထွေးက မေးလိုက်သည်။

"ဟုတ်တယ် .. သမီးကိုတောင် အန္တရာယ်မဖြစ်အောင် သူထိန်းပေးမယ်၊ စီးပါဆိုလို့ စီးမယ် လုပ်တုန်း ကိုကိုကျော်နဲ့ ဟို ကိုရာပါရောက်လာပြီး ဖျက်မြင်းလုပ်သွားလို့ မစီးလိုက်ရဘူး။ ဒေါသ ဖြစ်တာ အရမ်းပဲ မေမေရာ"

"ဟယ် .. သမီးလေးရယ် ကိုယ်မကျွမ်းတဲ့ အလုပ်တစ်ခုကို အန္တရာယ်ရှိလို့၊ ကိုကိုတို့က စိုးရိမ်လို့တားတာ ဖြစ်မှာပါ။ ကိုနောင်ပိုင်ကလည်း ကလေးကို အလိုမလိုက်သင့်တာလိုက်တယ်။ တွေ့မှ ပြောရဦးမယ်"

"တော်ပြီ ... တော်ပြီ ... မေမေလည်း ကိုကိုကျော်တို့နဲ့ အတူတူပဲ၊ သမီးဘက် မပါဘူး။ ဘာမှ မပြောတော့တာဘဲ ကောင်းတယ်"

ထိုင်နေရာမှ ဝုန်းခနဲထရပ်၍ အိမ်ပေါ်ထပ်ဆီသို့ ပြေးတက်သွားတော့သည်။

"အင်း .... အငယ်မလေး ... အလိုလိုက်လေ ကဲလေဖြစ်နေပြီ ... ဒုက္ခပါပဲ"

ဒေါ်မူမူထွေးမှာ ချစ်သမီးငယ်ကို လှမ်းကြည့်ရင်း ရင်မောကျန်ရစ်ခဲ့သည်။

*

ညစာ ထမင်းစားသောက်ပြီး အချိုအချဉ်ကလေးမြည်းရင်း မိသားစုစကားဝိုင်း စကြသည့် အခါတွင်တော့ သူ့ဂသီအတိုင်းနေခြည်ဦးသည် ဖခင်၏ အနီးတွင် တိုးဝှေ့၍ ထိုင်ချလိုက်သည်။

"အငယ်မလေး .. ဒီနေ့ မေကြီးကို ဘာကူလုပ်ပေးလဲ ဖေကြီးကို ပြောပြစမ်း"

သမီးငယ်၏ ပခုံးကို သူ့ပခုံးဖြင့်တိုက်၍ ဦးမြတ်ဦးက မေးလိုက်သည်။

"အိပ်ရာခင်းတွေ လဲပေးတယ်။ အိမ်သန့်ရှင်းရေးလုပ်ပေးတယ်။ အင်း .... ပြီးတော့ ဖေကြီး ကို နှိပ်ပေးဖို့ ဦးကြီးဖိုးတော်ကို သွားခေါ်ပေးတယ်"

"ပြီးတော့ကော"

"ပြီးတော့ အိပ်တာပေါ့"

"အော် တော်တော်ပင်ပန်းလို့ မောပြီး အိပ်သွားတယ်ပေါ့"

"အဟင်း ... ဟင်း ... ဟင်း"

နေခြည်ဦးသည် သူ့ဖခင်၏ ပခုံးကို သူ့ဦးခေါင်းကလေးဖြင့် တိုးဝှေ့ကာ ရယ်လိုက်သည်။

ဤသည်ကို ကျော်ကျော်ဦးက ကြည့်ကာ သူ့မိခင်ကို မေးငေါ့ပြလိုက်သည်။

ဤသည်ကို မြင်ပါလျက်နှင့် မသိကျိုးကျွံပြုကာ နေခြည်ဦးက တစ်နေကုန် သူစိတ်ကူး ယဉ်လာချက်ကို အကောင်အထည်ဖော်ပါတော့သည်။

"ဖေကြီး"

"ဘာ ပူဆာမလို့လဲ"

"ဟင် .. ဖေကြီးကလည်း ဘာမှတောင် မပြောရသေးဘူး"

"ဖေကြီး သိနေတယ်လေ၊ ဒီလို ဖေကြီးကို တိုးဝှေ့လာပြီဆိုရင် အကြောင်းရှိရမယ်ဆိုတာ"

"အဟင့် ... ဖေကြီးဗိုက်ထဲမှာ ပုဏ္ဏားလေးရှိနေလား မသိဘူးနော်၊ ဟုတ်တယ် .. သမီး မွေးနေ့အတွက် မွေးနေ့လက်ဆောင်ပူဆာမလို့ ဖေကြီးရဲ့"

"ဆို စိန်လက်ကောက်လား၊ စိန်ဘယက်လား၊ စိန်လက်စွပ်လား"

"ဟွန်း ... ဒါတွေ မလိုချင်ပါဘူး"

"ကဲဗျာ ... ဒါတွေ မဟုတ်ရင် ဘာလဲ"

"ဟိုလေ ... စိုက်ခင်းတွေထဲ လျှောက်ကြည့်ဖို့ မြင်းလှလှလေး တစ်ကောင်ဝယ်ပေးခ

"ဘယ်လို မြင်း ဟုတ်လား"

"ဟုတ်တယ် ၊ သမီးအရမ်းလိုချင်တယ်။ ဝယ်ပေးနော်၊ နော်.... ဖေကြီး"

"နေဦး သမီးရဲ့၊ ဝယ်ပေးတာက အပန်းမကြီးဘူး၊ ဖြစ်လာနိုင်မယ့်

အန္တရာယ်တွေကို အရင် စဉ်းစားရမယ်”

“ဟာ .. ဖေကြီးကလည်း ကျွမ်းကျင်အောင် သင်ပြီးမှ စီးမှာပါ၊ ဦးနောင်ကြီးဆိုရင် သူဝယ် လိုက်တဲ့မြင်းကို စီးလိုက်တာများ လွှားခနဲ လွှားခနဲနေတာပဲ။ သမီး အားကျလိုက်တာ”

“နောင်ပိုင်က မြင်းဝယ်လိုက်တယ် ဟုတ်လား”

“ဟုတ်တယ် ဖေကြီးရဲ့ ၊ ဒီမနက် သမီးကိုတောင် စီးဖို့ ခေါ်သေးတယ်။ ဟောဒီ ကိုကိုကျော် ကြီး ဝင်ရှုပ်လို့ပေ့ါ”

“သားရှုပ်တာမဟုတ်ဘူး၊ ဖေဖေ့ သမီးက ကလေးမဟုတ်တော့ဘဲနဲ့၊ တစိမ်းယောကျ်ားနဲ့ ထွေးရောယှက်တင်နေတာ မြင်လို့ ဝင်ပြောရတာ ”

“ကိုကြီးနော် စကားကိုကြည့်ပြော ၊ ဦးနောင်က ကိုယ့်ဦးလေးတစ်ယောက်လို ဖြစ်နေတဲ့လူ ပဲ ဥစ္စာ”

“ဘာသွေးမှမတော်ဘူး ဦးလေးတွေ ဘာတွေ လာလုပ်မနေနဲ့”

“ကဲ တော်ကြစမ်းပါ … ဖေကြီးပြောပါရစေဦး၊ ဒီကစ္စမှာ သမီးလေး မှားတယ်။ သမီးလိုချင် တာရှိရင် ဖေဖေကြီးကိုပြော ဖေကြီး အားလုံးလုပ်ပေးနိုင်ပါတယ်။ သမီး မြင်းတစ်ကောင်အရမ်း လိုချင်နေတယ် မဟုတ်လား”

“အင်း”

“ဒါဆို ကတိပေး၊ ကျွမ်းကျင်အောင် သင်ကြားပြီးမှ စီးပါ့မယ်ဆိုတဲ့ ကတိ”

“ပေးတယ် ၊ ပေးတယ် ၊ သမီးကို ဝယ်ပေးရင် တော်ပြီ”

“သမီး .. ဘဘလှကို သွားခေါ်ခဲ့”

"ဟုတ်ကဲ့ … ဖေကြီး"

မိခင်နှင့် အစ်ကိုထံသို့ ဂဲခနဲ တစ်ချက်ကြည့်ပြီး အိမ်နောက်ဖေးအလုပ်သမားတန်းလျား ဆီသို့ နေခြည်ဦး ပြေးဆင်းခဲ့ပါတော့သည်။

"ဘဘလှ .. ဘဘလှ .. .အဲဒီ မှာ ဇိမ်ခံမနေနဲ့ ၊ ဖေကြီး ခေါ်နေတယ်၊ မြန်မြန်လာ"

အေးအေးလူလူ အနင်းအနှိပ်ခံနေသော ဦးသာလှသည် ပျာပျာသလဲ ဖြစ်သွားတော့သည်။

"ရှင်မ .. ဖယ်ဖယ် .. ဆရာကြီးမှာ ဘာကိစ္စရှိတယ် မသိဘူး"

ဒေါ်မိုးလည်း နင်းပေးနေရာက ဆင်းလိုက်သည်။

"လာ .. မြန်မြန်လာ"

"အေးပါဟ …. လာပါပြီ အငယ်မရ"

ဒေါ်မိုးလည်း သုတ်သီးသုပ်ပျာ လိုက်သွားသော ခင်ပွန်းသည်နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

"ဆရာကြီး .. ကျုပ်လာပါပြီ"

"အေးဗျာ… ထိုင်ပါဦး ဦးသာလှ …. ဒေါ်မိုးလည်း ပါလာတာကိုး .. ထိုင်ထိုင်"

ဟုတ်ကဲ့ ဆရာကြီး"

ခင်ပွန်းသည်၏ နောက်ပါးတွင် အနည်းငယ်ခွာ၍ ဒေါ်မိုးက ထိုင်လိုက်သည်။

နေခြည်ဦးကတော့ သူ့ဖခင်၏ အနီးတွင် တိုးဝှေ့၍ ပြန်ထိုင်ချလိုက်သည်။

“မေးစရာရှိလို့ ဦးသာလှရဲ့၊ ဦးသာလှရဲ့တူ စံခက မြင်းတွေ မွေးတတ်တယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“သူ့မှာ မြင်းကောင်းကောင်းသန့်သန့် လှလှတစ်ကောင်လောက် ရနိုင်မလား”

“လိုချင်ရင်တော့ ရနိုင်ပါတယ်။ သူ့မှာမရှိလဲ ရှာပေးနိုင်ပါတယ်။ ဆရာကြီးက မြင်း ဘာလုပ် ဖို့လဲ ........”

“ဒီမှာလေ သမီးက သူ့မွေးနေ့အတွက် မြင်းတစ်ကောင် လက်ဆောင် တောင်းနေလို့”

“အယ် .. ဒီကလေးမ ... မဟုတ်တာ...”

“အဘလှ .. မကန့်ကွက်နဲ့နော်၊ သမီးကတော့ ယူမှာပဲ”

“အန္တရာယ်တွေ့မှာ စိုးလို့ကွဲ့”

“အဟင်းဟင်း ... ကျွန်တော့်သမီးက ကတိပေးပြီးပါပြီ။ ကျွမ်းကျွမ်းကျင်ကျင် စီးတတ်မှ သူ စီးမှာပါတဲ့”

“ဆရာကြီးက ကလေးတွေကို တယ် အလိုလိုက်တာပဲ”

“စိတ်ချမ်းသာစေချင်တာပါဗျာ။ မနက်စောစော စံခဆီကို သွားမေးပေးပါနော်”

“အင်း ... အင်း ... ကိစ္စက ဒါပဲလား ဆရာကြီး”

“ဟုတ်တယ်၊ ဦးသာလှ ... သွားနိုင်ပါပြီ”

“လာကွဲ့ ရှင်မ”

ဦးသာလှတို့ ဇနီးမောင်နှံ အိမ်ပေါ်မှ ဆင်းသွားကြသည်။

ထိုအချိန်မှာပဲ ဦးမြတ်ဦးကို နင်းနှိပ်ပေးမည့် အနှိပ်သည်ရောက်ရှိလာသဖြင့် မိသားစုစကား ပြောခန်း ထိုနေ့အဖို့ ပြီးဆုံးသွားခဲ့ပါသည်။

*

“နှစ်”

နေခြည်ဦး သိပ်ကို ပျော်နေပါသည်။

သူလိုချင်ဆန္ဒပြင်းပြလွန်းနေသော မြင်းတစ်ကောင်ကို ရရှိလိုက်သည်။

သူ့မြင်းက အထီးမို့ သူ့စိတ်တိုင်းကျ ရွေးချယ်ထားသော အမည်ကို ပေးလိုက်သည်။

“တိမ်ပျံ”

တိမ်ပျံသည် ဦးနောင်ပိုင် ဝယ်ထားသော ဖြူမနှင့် အထက်အောက် တစ်မိပေါက်ထဲက ဖြစ်၏ ။

နေခြည်တစ်ယောက်မှာ တစ်နေ့တစ်နေ့ သူ့မြင်းဇောင်းကိုရှင်းရ၊ မြင်းကို ပြုစုရနှင့် အချိန် မအားလပ်နိုင်အောင် ဖြစ်နေသည်။

ဖခင်ဖြစ်သူမှာ သူ့သမီး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးလိုက်နိုင်သဖြင့် ကျေနပ်အားရ ဖြစ်နေ၏ ။

“ကိုဦး .. သံပုရာရေလေး သောက်လိုက်ပါဦး”

ဇနီးသည်က ဦးမြတ်ဦး၏ ရှေ့တွင် သံပုရာရေဖန်ခွက်ကလေးကို ချပေးလိုက်သည်။

“ကိုဦးသမီးကတော့လေ။ သူ့မြင်းအလုပ်ကလွဲလို့ ဘာတစ်ခုမှ မလုပ်တော့ဘူး။ ခိုင်းလို့လဲ မရတော့ဘူး”

“နေပါစေ မူမူရယ်၊ သူစိတ်ချမ်းသာဖို့က အဓိကပါ။ အိမ်အလုပ်တွေကို ဒေါ်မိုးကြီးလည်းကူ လုပ်ပေးနေတာပဲ၊ သမီးမလုပ်လို့ ဘာမှ မဖြစ်ပါဘူး”

“ကိုဦးကတော့လေ ။ သမီးကို အရမ်းအလိုလိုက်တာပဲ”

“ချစ်တယ်ကွာ၊ ကိုယ့်သမီးကလေးကို ကိုယ်သိပ်ချစ်တယ်၊သူတို့

လိုချင်တာ၊ အားလုံးကို လည်း ကိုယ်ရအောင် လုပ်ပေးချင်တယ်”

“မူမူလဲ သူ့ကို လွယ်ပိုးပြီး မွေးလာရတာ မချစ်ဘဲ နေပါ့မလား။ ချစ်ကြောင်းတွေ သိပ်ပြနေ ရင် သူဆိုးသွားမှာ၊ ကြောက်တယ်”

“သမီးက ဒီလောက် မဆိုးပါဘူးကွာ”

ဦးမြတ်ဦးသည် ခြံထဲတွင် ရှိနေသော သမီးဖြစ်သူထံသို့ကြည့်ကာ ပြောလိုက်သည်။

“ကဲ … ကဲ သမီးအကြောင်း မပြောတော့ပါဘူး။ ပြောလည်း အလကားပါပဲ၊ ဒါနဲ့ ဒီနေ့ ဦးမျိုးခင်ကြီးရောက်လာတာ ဘာကိစ္စလဲဟင် ကိုဦး”

“ဘာမှ မဟုတ်ပါဘူး မူမူ”

“ဟင် .. ဘာမှ မဟုတ်ဘူးသာဆိုတယ် ကိုဦးရဲ့ ရွှင်ကြည်နေတဲ့မျက်နှာ ချက်ချင်းညှိုးကျ သွားတာပဲ၊ မူမူ့ကို ဘာတွေ လျှို့ဝှက်ထားနေတာလဲဟင် ကိုဦး၊ ဆိုးအတူ ကောင်းအတူ တိုင်ပင် ဖော် တိုင်ပင်ဘက် ကိုဦးနဲ့ မူမူပဲ ရှိတဲ့ဥစ္စာ”

“မူမူ … စိတ်အေးအေးထားပြီးနေ၊ မူမူ့အလုပ်က အိမ်မှုကိစ္စဆောင်ရွက်ဖို့၊ ကလေးတွေကို ပြုစုပျိုးထောင်ဖို့၊ ကျန်တာက ကိုဦးတာဝန်တွေပါကွာ”

“မဟုတ်သေးဘူး ကိုဦး ပြောတာ မဟုတ်သေးဘူး။ ကိုဦးမှာ အကြောင်းတစ်ခုခုတော့ ရှိရ မယ်၊ မူ့ကို ပြောပြရမယ်”

“မူမူရယ် … ခက်လိုက်တာ”

“ကိုဦး မပြောဘူးလား။ ဒါဆိုလဲ ဘယ်တော့မှ မပြောပြနဲ့ ၊ မူမူလည်း မမေးတော့ဘူး”

ဒေါ်မူမူထွေးသည် ခင်ပွန်းသည်ကို စိတ်ကောက်သွားပြီး ချာခနဲ လှည့်ထွက်သွားသည်။

"မူမူ … မူမူ … ဟာကွာ"

ဦးမြတ်ဦးသည် ဇနီးသည်၏ နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလိုက်သည်။

ဒေါ်မူမူထွေးသည် ခင်ပွန်းသည်ကိုကျောခိုင်း၍ ခုတင်စွန်းတွင် မျက်နှာမူန်မှုန်ဖြင့် ထိုင်ချ လိုက်သည်။

ဦးမြတ်ဦးသည် ဇနီးသည်၏ ရှေ့တွင် ထိုင်လိုက်ပြီး လက်ကလေးနှစ်ဖက်ကို ဖမ်း၍ ဆုပ်ကိုင် ထားကာ ဖွင့်ထားသော အိပ်ခန်းတံခါးမှ အပြင်ဘက်ဆီသို့ လူရိပ်လူခြည်လှမ်းလှမ်းကြည့် ရင်း အသံအုပ်အုပ်ဖြင့် သူ့တွင်ရှိနေသော ပြဿနာကို အထုပ်ဖြေပြလိုက်တော့သည်။

"ဟင် … ဒါ … ဒါဆိုရင် ဘယ်လိုလုပ်မလဲ .. ကိုဦး ဟင် … ဟင်"

ဒေါ်မူမူထွေးတစ်ယောက် ပျာယာခက်သွားပါသည်။

"စိတ်ကိုအေးအေးထားပါ ။ မူမူစိတ်ပူမယ်ဆိုတာသိလို့ ကိုဦး တမင်မပြောဘဲနေခဲ့တာ။ သားနဲ့သမီးကိုလည်း ဒီကိစ္စတွေ မသိစေ့ချင်ဘူးလေ။ မနှစ်ကတည်းက ခြံထွက်တွေက ဒိတ် အောက်ဖြစ်နေလို့ … အချိန်မီလုပ်ရမယ့်ကိစ္စ နှောင့်နှေးကုန်တယ်။ မူမူသိပ်စိတ်မပူပါနဲ့လေ။ နောက်အပတ်ထဲ ကိုဦး ရန်ကုန်ကိုဆင်းမယ်၊ ကြွေးကျတွေ လိုက်သိမ်းမယ်၊ ပြန်လာရင်တော့ စိတ် အေးရမှာပါ။ ကဲ .. ကဲ … မျက်နှာကလေးကို ပြင်လိုက်ပါဦး၊ တော်ကြာကလေးတွေ ရောက်လာ တော့မယ်။ … ဟော .. ပြောရင်းဆိုရင်း သမီးလေး လှေကားပေါ် ပြေးတက်လာနေပြီ"

"ဖေကြီးရေ .. .ဖေကြီး"

"ဖေကြီး ဒီမှာ သမီး … ဘာလုပ်မလို့လဲ"

"ဦးစံခက မနက်ဖြန် သူလာရင် မြင်းစာဝယ်လာမယ်တဲ့ ပိုက်ဆံပေးပါ"

"ကဲ .. မူမူ … ဘယ်လောက်ပေးရမလဲ .. စံခကိုမေးပြီး ပေးလိုက်ပါ"

"ဟုတ်ကဲ့ ကိုဦး"

*

“သုံး”

ဦးမြတ်ဦးသည် ခရီးထွက်ခါနီး ဇနီးနှင့် သားသမီးတွေကို မှာစရာရှိတာတွေ အထပ်ထပ် မှာ ကြားနေ၏ ။

အထူးသဖြင့် သူ့နှလုံးသည်းပွတ်ဖြစ်သော သမီးကလေးကို မြင်းမစီးသေးဖို့ အထပ်ထပ် မှာ ကြားနေသည်။

“စိတ်ချပါ ဖေကြီးရဲ့ ၊ သမီး စီးတတ်နေပါပြီ။ ဒါပေမယ့် ဖေကြီးမလာမချင်း မစီးဘူးလို့ ကတိပေးပါတယ်”

“သမီးလေးက လိမ္မာတယ်”

အကြိုထောက်သောကားက ရောက်လာသဖြင့် သူ့မိသားစုကို အနမ်းတွေမျှဝေပြီး ဦးမြတ် ဦးခရီးထွက်ခဲ့ပါသည်။

“ဖိုးကျော် .. ဖိုးကျော်ရေ”

အိမ်ပေါ်သို့ လှည့်တက်မည်ပြုနေသော ကျော်ကျော်ဦးကို ကိုကိုလတ်က ခေါ်လိုက်သည်။

“ဖိုးကိုလတ် ဘယ်သွားမလို့လဲ”

“မင်းဆီပဲလာတာ”

“လာလေ”

သူငယ်ချင်းနှစ်ယောက် ပခုံးကိုဖက်၍ ကျော်ကျော်ဦးက သူ့အိပ်ခန်းဆီသို့ ကိုကိုလတ်ကို ခေါ်ခဲ့သည်။

ထုံးစံအတိုင်း ဒေါ်မူမူထွေးက စားသောက်ဖွယ်ရာများ စီစဥ်ပေးပြီး သား၏ အိပ်ခန်းဆီသို့ ပို့ ပေးလိုက်သည်။

“သူငယ်ချင်းနှစ်ယောက် တိုးတိုးတိုးတိုးနဲ့ပ ဘာတွေ

တိုင်ပင်နေကြတာလဲဟင်”

“ဖိုးကိုလတ် ရန်ကုန်ကို သွားရတော့မယ် မေမေ”

“ဟုတ်လား … ကိုလတ်”

“ဟုတ်ကဲ့ပါ ဒေါ်လေးမူမူ၊ မေမေ့အစ်ကိုကြီးက လာနေဖို့ ခေါ်လိုက်လို့ပါ”

“ဟယ် ..သားတော့ပျင်းကျန်ရစ်တော့မှာပဲ”

“ဟုတ်တယ် မေမေရာ”

စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကျော်ကျော်ဦးက ပြောလိုက်သည်။

“ကိုလည်း မလွှဲသာလို့ သွားရမှာပါ။ မင်းနဲ့ ခွဲမသွားချင်ပါဘူး”

“ကိုလတ်က ဘယ်နေ့သွားမှာလဲ”

“မနက်ဖြန် မန္တလေးဆင်းအိပ်ပြီး သဘက်ခါ လေယာဉ်နဲ့ ရန်ကုန်ကို လိုက်သွားရမှာပါ ဒေါ်လေးမူမူ”

“ချက်ချင်းကြီးပဲနော်”

“ဟုတ်တယ် ဒေါ်လေးမူမူ ၊ ဘဘကြီးမှာ အစီအစဉ် တစ်ခုခုရှိလိမ့်မယ်လို့ မေမေက ပြော ပါတယ်”

“အေးလေ စိတ်မကောင်းစရာပဲ ၊ ကဲ .. ကဲ .. သူငယ်ချင်းနှစ်ယောက် စကားပြောလိုက်ကြ ဦး”

ဒေါ်မူမူထွေးသည် သားတို့ သူငယ်ချင်းနှစ်ယောက်ကို လွတ်လပ်စွာ ပြောဆိုခွင့်ပေးပြီး သမီးဖြစ်သူရှိရာသို့ ထွက်ခဲ့သည်။

“သမီးလေး … တိမ်ပုံနဲ့နေရင်း စာရင်းမှတ်ပေးနော်”

“ဟာ … ကိုကို့ကို ခိုင်းကွာ”

“သမီးကလည်း ကိုကို ကိုလတ်နဲ့ စကားပြောနေတယ်လေ”

“အိုး .. .တွတ်တွတ် … တွတ်တွတ်နဲ့ မိန်းကလေးတွေ အကြောင်း ပြောနေတာများ၊ အလုပ်ကြီးလုပ်လို့ မေကြီးရာ”

“ဟယ် ဒီကောင်မလေး ၊ ဘာတွေလျှောက်ရမ်းပြောနေတာလဲ၊ ကိုလတ် ရန်ကုန်မှာ သွား နေရတော့မှာမို့ သမီးကိုကိုကြီး စိတ်မကောင်းဖြစ်နေတာ”

“ဟင် .. ကိုကိုလတ်ကြီး ရန်ကုန်မှာ သွားနေရတော့မယ် ဟုတ်လား၊ အဟီး … ဟီး ..ဟီး.. ဝမ်းသာလိုက်တာ၊ ဘယ်လိုဝမ်းသာမှန်းမသိဘူး”

“ဒီကောင်မလေး ၊ ဘယ်လိုဟာလေးလည်းမသိဘူး သူများစိတ်ညစ်နေတာကို သူက ပျော်ရတယ်လို့”

“သမီးက သူ့ကို မုန်းနေတာ၊ နေရာတကာ ဆရာကြီးတစ်ဆူလုပ်ပြီး ဝင်ဝင်ပါနေလို့ ကြည့် လို့ကို မရဘူး။ မြန်မြန်သွားတာပဲ ကောင်းတယ်”

“သမီးလေး .. ဒီလိုမပြောရဘူးလေ၊သမီးကို ညီမလေး တစ်ယောက်လို သဘောထားပြီး ဆိုဆုံးမတာကိုနာခံရမယ်”

“ဟွန်း သူဆုံးမစရာမလိုပါဘူး၊ သမီးမှာ မေကြီးတို့ ဖေကြီးတို့ သက်ရှိထင်ရှားရှိနေကြတဲ့ ဥစ္စာ”

“ဒီကောင်မလေးက ပြောလေကဲလေပါပဲ၊ ခက်လိုက်တာ”

ဒေါ်မူမူထွေးသည် စိတ်ရှုပ်ထွေးဟန်ဖြင့် အိမ်နောက်ဘက် အလုပ်သမားတန်းလျားဆီသို့ ထွက်ခွာသွားတော့သည်။

ဒေါ်မူမူထွေး ထွက်သွားပြီး မရှေးမနှောင်းမှာပဲ အိမ်ပေါ်ထပ်ဆီမှ ကိုကိုလတ်နှင့် ကျော် ကျော်ဦးတို့ ဆင်းလာကြသည်။

ဤသည်ကို နေခြည်ဦးသည် မသိကျိုးကျွံပြုကာ ဝက်မှင်ဘီးဖြင့် သူ့မြင်းတိမ်ပုံ၏ ကျောကို ပွတ်ပေးနေ၏ ။

"နေခြည်"

ကိုကိုလတ်က အသံခပ်တိမ်တိမ်ဖြင့် နေခြည်ဦးကို ခေါ်လိုက်သည်။

နေခြည်သည် မျက်နှာထားတင်းတင်းဖြင့် ကိုကိုလတ်ကို ကြည့်လိုက်သည်။

"ကိုယ်နှုတ်ဆက်မလို့ပါ။ နေခြည် လိမ်လိမ်မာမာ နေနော်"

"ဟွန်း .. စိတ်ကောင်းမွေးမလို့ဥစ္စာ၊ သူက ဖောက်လာပြီ ။ ကိုကိုလတ် နေခြည်ကို ဆုံးမ စရာမလိုဘူး။ နေခြည့်ကို ဆုံးမမယ့် အမေတွေ၊ အမေတွေ ...."

"နေခြည်.... နင်မမိုက်ရိုင်းနဲ့ ၊ ကိုယ့်ထက်အကြီးက ဆုံးမတဲ့ဥစ္စာ. ... ဘာဖြစ်လဲ။ နင့် အသား ပဲ့ပါသွားလို့လား"

ကျော်ကျော်ဦးသည် ရှူးရှူးရှားရှား နှင့် ဒေါသပုန်ထသွားသည်။

"ဖိုးကျော်ရာ စိတ်မဆိုးပါနဲ့၊ သူ့ဘာပြောပြောငါဘယ်လိုမှ မခံစားရပါဘူး။ သူ့စိတ်ဓာတ်ကို ကိုယ်သိနေတာပဲ။ ကဲ .. ကဲ ၊ ငါ့ကိုလိုက်ပို့တော့ .. မေမေက ပစ္စည်းတွေ သိမ်းဖို့ စောင့်နေမှာ"

ကျော်ကျော်ဦးသည် စူးစူးစိမ်းစိမ်းကြီး တစ်ချက်ကြည့်ပြီး ရပ်ထားသော သူ့မော်တော် ဆိုင်ကယ်ပေါ်သို့ တက်လိုက်သည်။

"နေခြည် ... သွားပြီနော်"

"ဟွန်း"

နေခြည်ဦးသည် ကိုကိုလတ်၏ ပြုံးစစမျက်နှာကို တစ်ချက်ကြည့်ပြီး ကျောခိုင်းပစ်လိုက် သည်။

*

“လေး”

“ဒေါ်မူမူထွေး .... ဒေါ်မူမူထွေး”

“အော် အစ်ကိုကြီး ဦးမျိုးခင်ပါလား၊ အိမ်ပေါ်ကို ကြွပါရှင်”

“ကျုပ်ဒီမှာပဲ စကားပြောမယ်”

“မဟုတ်တာရှင်၊ အပေါ်ကို ကြွပါ၊ ညှော့ဝတ်လဲ ပြုချင်လို့ပါ”

ဒေါ်မူမူထွေးသည် မလှမ်းမကမ်းတွင် သူ့မြင်းနှင့်သူ အလုပ်ရှုပ်နေသော သမီးဖြစ်သူထံသို့ ကွက်ခနဲ တစ်ချက်ကြည့်ပြီး ဦးမျိုးခင်ကို အပေါ်ထပ်တက်ဖို့ တွင်တွင်ခေါ်နေ၏ ။

“ကျုပ်က အလုပ်များတယ်၊ ဘယ်နေရာမှမှ ဖင်နွေးအောင် ထိုင်မရဘူး။ ခင်ဗျားယောကျ်ား ချိန်းထားတာ ရက်စေ့နေပြီ ။ ဘယ်မှာလဲ သူ”

“ရန်ကုန်ကကို ပြန်မလာသေးတာပါ။ ပြန်လာရင် အကျိုးအကြောင်းထူးမှာပါရှင်၊ နှစ်ရက် သုံးရက်လောက်တော့ သည်းခံပြီး စောင့်ပေးပါ”

“အေး .. မလာသေးဘူးဆိုရင်လည်း စောင့်ရမှာပေါ့။ ဒါပေမယ့် နှစ်ရက် သုံးရက်ပဲနော်၊ အဲဒီ ရက်ကကျော်ရင်တော့ ခင်ဗျားတို့ မိသားစုနေဖို့ အိမ်ရှာထား”

“ဦးလေးဦးမျိုးခင် .. ဘာပြောလိုက်တယ်”

နေခြည်ဦးသည် ချာခနဲ ဦးမျိုးခင်ဘက်သို့ လှည့်၍ လျှောက်လာကာ မေးလိုက်သည်။

“ဒါ လူကြီးအလုပ်၊ မင်းကလေး၊ ကလေးလိုနေ”

ဦးမျိုးခင်သည် မျက်နှာတည်တည်ကြီးဖြင့် နေခြည်ဦးကို ကြည့်၍ ပြောလိုက်ပြီး သူ့ကားကို မောင်းထွက်လိုက်သည်။

“ဦးလေး ဦးမျိုးခင် .... ဦးလေး ဦးမျိုးခင်”

“နေခြည် .. သမီး၊ သွားပါစေ .... ခေါ်မနေနဲ့”

“မရဘူး ...မရဘူး။ သူက ဘာစကားပြောသွားတာလဲ၊ သမီးတို့က ဘာလို့အိမ်ရှာထားရမှာ လဲ။ ဒီအကြောင်း သိရမှဖြစ်မယ်”

“နေခြည် ... နေခြည်”

နေခြည်ဦးသည် ကုန်းနှီးအဆင်သင့်တပ်ထားပြီး တိမ်ပျံပေါ်သို့ လွှားခနဲ တက်ကာ ဇာတ် ကြိုးကို တင်းတင်းဆွဲလိုက်သည်။

တိမ်ပျံသည် ခြံဝင်းအတွင်းမှ လျင်မြန်စွာထွက်ခွာသွားပါတော့သည်။

“အောင်မလေး ဒုက္ခတော့ ရောက်ပါပြီ။ ဦးကြီးသာလှ ၊ ဒေါ်ကြီးမိုး လာကြပါဦး သမီး ... သမီး တိမ်ပျံကို စီးပြီး ထွက်သွားပြီ”

အိမ်နောက်ဖေးမှ ဦးသာလှနှင့်ဒေါ်မိုးတို့ ပြေးထွက်လာကြသည်။

ဒေါ်မူမူထွေးက ဆောက်တည်ရာမရဘဲ တောင်ပြေးမြောက်ပြေး ဖြစ်နေ၏ ။

“မမိုး .. မူမူထွေးကို ကြည့်ထား၊ ငါနေခြည့်နောက်ကို လိုက်မယ်။ ခက်လိုက်တာ၊ ဒီနေ့မှပဲ စံခကလည်း အရောက်နောက်ကျနေတယ်လို့”

ဦးသာလှသည် ပါးစပ်က မြည်တွန်တောက်တီးရင်း ခြံဝင်းအတွင်းမှ လျှင်မြန်စွာ ထွက်ခွာ သွား၏ ။

သူထွက်သွားပြီး မကြာခင် အချိန်မှာပဲ ခြံထဲသို့ ဂျစ်ကားတစ်စီး ခြံထဲသို့ မောင်းဝင်လာ သည်။

ကားရှေ့ခန်းတွင် ပါလာသော ဦးမြတ်ဦးသည် ခြံထဲရှိကွပ်ပျစ်ပေါ်တွင် ငိုနေသော သူ့ချစ် ဇနီးကို ပခုံးကိုဖက်နှစ်သိမ့်နေသော ဒေါ်မိုးကို တွေ့လိုက်ရသဖြင့်

ရင်ထဲဆောင့်ခုန်သွားကာ မျက် လုံးများ ပြာဝေသွား၏။

ကားစက်မသက်ခင် သူကားပေါ်မှ ခုန်ချလိုက်သည်။

"မူ .. .မူမူ .. .ဘာ ဘာဖြစ်လို့ ငိုနေတာလဲ၊ အိမ်မှာ ဘာတွေဖြစ်နေလို့လဲ သ .. သမီးကော"

"ကို ... ကိုဦး .. အိမ်မှာ ဦးမျိုးခင်လာပြီး ကြိမ်းမောင်းသွားလို့ သမီး .. သမီး ဒေါသထွက်ပြီး သူ့နောက်ကို လိုက်သွားတယ်"

"သမီး .. သမီးက ဘာနဲ့လိုက်သွားတာလဲ မူမူ"

"တိမ် .. တိမ်ပျံကို စီးသွားတယ်၊ သူတစ်ယောက်တည်း၊ ကိုစံခလည်း ရောက်မလာ .. လာ"

"ဟား ... ဒုက္ခတော့ တွေ့တော့မှာပဲ ကိုအောင်သူ ကားပြန်ကွေ့ ပြန်ကွေ့၊ သမီးနောက် လိုက်ရမယ်"

ယာဉ်မောင်းက ကားကို ကွေ့နေစဉ် ဦးမြတ်ဦးသည် ကားဆီသို့ပြေးသွား၍ ကားပေါ်သို့ တက်လိုက်သည်တွင် ကားပေါ်မရောက်ဘဲ မြေကြီးပေါ်သို့ ထိုးကျသွားသည်။

"မောင်မြတ်ဦး"

"ကိုဦး ... ကိုဦး .. အောင်မလေး လုပ်ကြပါဦး"

ဦးမြတ်ဦးထံသို့စုပြုံရောက်ရှိသွားကာ ဦးမြတ်ဦးကို ပွေ့ထူလိုက်သည်။

"ကိုဦး"

ဘယ်ဘက်ရင်အုံကို လက်ဖြင့်ဖိကာ မျက်နှာတွင် ချွေးလုံးကြီးများ စို့ထွက်လာနေသော ခင်ပွန်းသည်၏ လက်ကို ဒေါ်မူမူထွေးက ကိုင်လိုက်သည်။

ဦးမြတ်ဦးသည် ဇနီးသည်၏ မျက်နှာကိုအားယူ၍ ကြည့်ပြီး

တစ်စုံတစ်ရာပြောမည့်ဟန်ပြု လိုက်ပြီးမှ ဦးခေါင်းလည်ထွက်သွား၏ ။

“မောင်မြတ်ဦး ... မောင်မြတ်ဦး”

“ဆရာ .. ဆရာ”

“ကိုဦး၊ အောင်မလေး ကိုဦးကို ခေါ်မရတော့ဘူး။ လုပ်ပါဦး အောင်သူရဲ့”

အောင်သူက မျက်ရည်ရစ်ဝိုင်းနေသော မျက်လုံးများဖြင့် ဒေါ်မူမူထွေး၏ မျက်နှာကိုကြည့် ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

ဒေါ်မူမူထွေး၏ ရင်ဝသို့ အလုံးကြီးဆောင့်ကာ သတိလစ်မေ့မျောသွားတော့သည်။

*

နေခြည်သည် ခြံထဲသို့ ဝင်လိုက်သည်တွင် အိမ်တွင် လူတွေရှုပ်နေသည်ကို တွေ့ရသည်။

“ဘာတွေ ဖြစ်နေတာလဲ”

မျက်စိမျက်နှာမကောင်းဖြစ်နေကြသော လူတွေသည် နေခြည်ကို မြင်သောအခါ မျက်နှာ လွှဲနေလိုက်ကြသည်။

နေခြည် အိမ်ပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။ အိမ်ပေါ်မှာလည်း လူတွေကအပြည့်။ သူတို့လည်း မျက်စိမျက်နှာမကောင်းကြပါ။

နေခြည် အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။။

ဤတွင် ဒေါ်မိုးက ပွေ့ဖက်ထားသော သူ့မေမေနှင့် အိမ်ရှေ့က တစ်ယောက်အိပ်ကုတင် ပေါ်တွင် ပက်လက်အနေအထားဖြင့် ငြိမ်သက်နေသော

ဖခင်ဖြစ်သူကို တွေ့လိုက်ရသည်။

"ဟင် ... ဖေကြီး ... ဖေကြီး ... ဖေကြီး ... ဘာဖြစ်တာလဲ ဟင် ... ဖေကြီး ဘာဖြစ်တာလဲ"

ဒေါ်မူမူထွေးသည် ဒေါ်မိုး၏ ရင်ခွင်မှ သူ့ကိုယ်ကို မတ်ခနဲ ထောင်ကာ သမီးဖြစ်သူ၏ မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်သည်။

"မကပ်နဲ့ ငါ့ယောကျ်ားအနားကို မကပ်နဲ့၊ နင် ဒီအခန်းထဲက ထွက်သွား၊ နင့်မျက်နှာကို မကြည့်ချင်ဘူးဟဲ့။ မကြည့်ချင်ဘူး"

"မူမူ .. မူမူ ... သတိထားလေ ။ စိတ်ကိုလျှော့လိုက်ပါ"

"မလျှော့နိုင်ဘူး၊ ကျွန်မ စိတ်ကို မလျှော့နိုင်ဘူး။ ဒင်းခေါင်းမာလို့ ကျွန်မယောကျ်ားသေရ တာ၊ ဒင်းမျက်နှာကို ကျွန်မ မမြင်ချင်ဘူး ဒေါ်ကြီးမိုးရဲ့"

နေခြည်ဦးသည် အခြေအနေအရပ်ရပ်ကို ဘာမှ နားမလည်နိုင်ဘဲ သူ့ကို ခါးခါးသီးသီးဖြစ် နေသော မိခင်ကို ကြည့်ကာ ခြေလှမ်းများ နောက်သို့ ဆုတ်ခဲ့သည်။
`

ဤတွင် ထမင်းစားခန်းထဲမှ ထွက်လာသော ကျော်ကျော်ဦးနဲ့ ဝင်တိုက်မိသွားသည်။

"ဘာဖြစ်နေတာလဲ ၊ ရှေ့က ဖယ်စမ်း"

ကျော်ကျော်ဦး၏ အသံက မာကျောလှသည်။ ကျော်ကျော်ဦး၏ မျက်နှာကလည်း ခက်ထန် နေပါ၏ ။

နေခြည်သည် လိုက်ကာဖြင့် ကိုယ်ကိုကွယ်ကာ တဒိန်းဒိန်းခုန်နေသော ရင်ကို လက်ဖြင့်ဖိ ကာ မိခင်အားလည်းကောင်း၊ ဖခင်၏ ရုပ်အလောင်းအား လည်းကောင်း ကြည့်နေမိပါသည်။

ဒီအခါတွင် ဖခင်တစ်ယောက် မည်သို့မည်ပုံကွယ်လွန်သွားခဲ့သည်ကို

သိရှိသွားရပါတော့ သည်။

ထိုခဏမှာပင် နေခြည်ဦးသည် ဖွဲ့အိတ်ပမာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားတော့သည်။

*

"နေခြည် ... နေခြည် .... သမီးလေး ... မျက်စိဖွင့်စမ်း ..... သတိရပြီမဟုတ်လား"

သူ့မေးဖျားကို ကိုင်၍ လှုပ်ကာ ဒေါက်တာ နွယ်ဝေရီက မေးလိုက်သည်။

မျက်လုံးများ တင်းကြပ်စွာ မှိတ်ထားသည့်ကြားက မျက်ရည်တို့သည် တိုးထွက်၍ သူ့ပါးပြင် နှစ်ဖက်ပေါ်သို့ တလိမ့်လိမ့်စီးဆင်းနေကြသည်။

"စိုးရိမ်စရာမရှိတော့ပါဘူး ဒေါ်မူမူ။ သူ့ကို ကျွန်မ အိပ်ဆေးထိုးပေးခဲ့မယ်။ နည်းနည်း အနားရသွားအောင်လို့"

ဒေါက်တာ နွယ်ဝေရီသည် နေခြည်ဦးကို ဆေးတစ်လုံး ထိုးပေးလိုက်သည်။

ရင်မှာကြိတ်၍ နင့်နင့်နဲနဲ ငိုရင်းက နေခြည်ဦး အိပ်ပျော်သွားခဲ့ပါသည်။

နေခြည်ဦး၏ အခြေအနေကို ခေတ္တမျှကြည့်နေပြီး နောက်မှ စိတ်ချသွားဟန်ဖြင့် ဒေါက်တာ နွယ်ဝေရီသည် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး ဒေါ်မူမူထွေး၏ ပခုံးကို အသာဖက်ကာ ထမင်း စားခန်းထဲသို့ ခေါ်ဆောင်လာခဲ့သည်။

"ထိုင်ပါဦး မူမူ၊ စောစောက လူတွေကလည်းများနေတယ်၊ မူမူ ကိုယ်တိုင်ကလည်း တက်မ တက် ချက်မတက်ဖြစ်နေတော့ ကျွန်မ ပြောပြစရာရှိတာ

မပြောဘဲ ပြန်သွားခဲ့ရတယ်”

“ဘာ … ဘာများလဲ ဒေါက်တာ”

“ဦးမြတ်ဦး ခုလို ရုတ်တရက် ကွယ်လွန်သွားရတဲ့ကိစ္စကို သမီးလေးကိုချည်းပဲ အပြစ်မတင် ပါနဲ့။ ဦးမြတ်ဦးမှာကိုက ရုတ်တရက်သေစေနိုင်တဲ့ နှလုံးရောဂါရှိနေတာ ကျွန်မ အသိဆုံးပါပဲ”

“ရှင်”

“ဟုတ်တယ် မူမူ၊ သူ ရန်ကုန်ကို ဆင်းသွားတရတဲ့ ကိစ္စက ငွေရေးကြေးရေး ၊ စီးပွားရေး ထက် အရေးကြီးတဲ့ ကုသမှုကို အမြန်ဆုံးခံယူဖို့ ကျွန်မ ရန်ကုန်ကို လွှတ်လိုက်တာပါ။ သူက သူ့ သားသမီးနဲ့ သူ့ဇနီးကို ဒီအကြောင်းလုံးဝမပြောဖို့ ကျွန်မကို ပိတ်ပင်ထားတယ်။ သူက ရှင်တို့ သူ့ အတွက် စိတ်သောကရောက်မှာကို သိပ်စိုးရိမ်တယ်လေ”

“ဖြစ်ရလေ ကိုဦးရယ်”

ဒေါ်မူမူထွေး မျက်နှာကိုလက်ဝါးဖြင့် အုပ်ကာ အသံတအစ်အစ်ထွက်အောင် ငိုကြွေးလာ၏ ။

“ဒေါ်မူမူ .. စိတ်ကိုဖြေပါ၊ သူ့မှာ ဒီလောက်ပဲနေရဖို့ ကံပါလာတယ်လို့ တရားနဲ့ဖြေပါ။ ဒေါ် မူမူ့မှာ သားနဲ့သမီးရဲ့ တာဝန်တွေ ရှိနေသေးတယ်လေ။ အခု သူတို့အဖေတိမ်းပါးသွားပြီဆိုတော့ ဒေါ်မူမူမှာ တာဝန်တွေ ပိုလာပြီး မိခင်လိုတစ်မျိုး၊ ဖခင်လိုတစ်ဖုံ သူတို့ကို လူလားမြောက်အောင် စောင့်ရှောက်ရတော့မှာ ။ ရှင်အားတွေအများကြီးမွေးပြီး တောင့်ခံရလိမ့်မယ်ဒေါ်မူမူ။ ဟုတ်တယ် မဟုတ်လားဟင်”

“ဟုတ် … ဟုတ်ပါတယ်၊ ဒေါက်တာရယ် ၊ ကျွန်မ … ကျွန်မ တာဝန်ကျေတဲ့ မိခင်တစ် ယောက်ဖြစ်အောင် ကြိုးစားမှာပါ”

"မူ … မူမူ"

အမျိုးသားတစ်ဦးက ထမင်းစားခန်းဂမှ ခေါ်လိုက်သဖြင့် ဒေါ်မူမူထွေးသည် မျက်ရည်တွေ ကို သုပ်ရင်း လှမ်းကြည့်လိုက်သည်။

ထမင်းစားခန်းဂတွင် တစ်ခြံကျော်တွင်နေသော စိုက်ပျိုးရေးခြံပိုင်ရှင် ဦးနောင်ပိုင်ကို တွေ့ လိုက်ရသည်။

"ဘာလဲ ကိုနောင်"

"အော် … သံကြိုးရိုက်ပြီးတဲ့အကြောင်း လာပြောတာပါ"

"ဩော် ဟုတ်ကဲ့ ၊ ကျေး .. ကျေးဇူးတင်ပါတယ်"

"သမီးလေး သက်သာရဲ့လားဟင် ဒေါက်တာ"

"ဟုတ်ကဲ့၊ စိုးရိမ်စရာမရှိပါဘူး ကိုနောင်ပိုင်"

"တော်ပါသေးရဲ့ဗျာ"

"ကိုနောင် .. လိုတာတွေ ကြည့်သာဆောင်ရွက်ပေးပါ၊ မူမူတော့ ဘာလုပ်ရမှန်းကို မသိ တော့ဘူး"

"မူမူ စိတ်အေးအေးသာနေ၊ ကျန်တာ အားလုံး ကိုယ့်တာဝန်ထား၊ ကိုယ် အောက်ပြန်ဆင်း လိုက်ဦးမယ်"

"ဟုတ် … ဟုတ်ကဲ့"

"ကဲ … ကျွန်မလည်း ပြန်လိုက်ဦးမယ်၊ လိုအပ်ရင် အချိန်မရွေးလာခေါ်ပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

*